(၅) မန္တလေးခရိုင်တရားရုံး
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၅၆

| | | |
|---|---|---|
| ဒေါ်ချွန်လင့် | နှင့် | ဒေါ်နန်းစံမွမ်း |
| (တရားလို) | | (တရားပြိုင်) |

တရားလိုအတွက် - ဦးအောင်ဇော်သန်း ၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်အတွက် - ဦးမျိုးအောင်၊ တရားလွှတ်တော်ရှေ့နေ

"TWO DRAGON LEBO အချိုရည်ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်ထားသည့် GOLDEN DRAGON LIBOအချိုရည်ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး ထုတ်လုပ်မှုမပြုလုပ်ရန်အတွက် ထာဝစဉ်ထားဝရမ်းထုတ် ပေးစေလိုမှု"

**စီ ရင် ချက်**

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ မေလ၊ ( ၂ )ရက်

ဒေါ်ချွန်လင့်က ဒေါ်နန်းစံမွမ်းအပေါ် TWO DRAGON LEBO အချိုရည်ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်ကိုအသုံးပြုပြီး ထုတ်လုပ်မှုမပြုလုပ်ရန်အတွက်ထာဝစဉ်တားဝရမ်းထုတ်ပေးစေလိုကြောင်း စွဲဆိုသည်။

အဆိုလွှာတွင် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ချောကျေးရွာတွင်နေထိုင်သူ ဒေါ်ချွန်လင့်သည် (၂၂. ၈. ၁၉၉၁)ရက်နေ့မှစ၍ နဂါးနှစ်ကောင်ဖျော်ရည်လုပ်ငန်းကို အမှတ်-၁ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်-(မတလ/ငယ်/၄၂၉၈)ဖြင့် မှတ်ပုံတင်ခွင့်ပြုချက်ရရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာနတို့၏ထောက်ခံချက်တို့အရ လားရှိုးမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၁၉/၂၀၀၉ဖြင့် နဂါးနှစ်ကောင်၊ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားခဲ့ကြောင်း၊ တရားပြိုင်သည် တရားလို၏TWO DRAGON LEBO အမှတ်တံဆိပ်နှင့်ဆင်တူယိုးမှားတံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၂/၂၀၁၀ဖြင့် GOLDEN DRAGON LIBOအမည်ဖြင့်မှတ်ပုံတင်ပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ တရားပြိုင်သည် တရားလိုထုတ်လုပ်သော အချိုရည်ဗူးတံဆိပ်အမှတ်အသား၊ အရွယ်အစားပုံသဏ္ဌာန် ၊အရောင်အသွေး၊ စာလုံးစာသားဖော်ပြချက်များနှင့် ဆင်တူယိုးမှားတုပထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းပြုသဖြင့် ဝယ်ယူစားသုံးသူများအကြားတွင် ဆင်တူယိုးမှားဖြစ်စေပြီး တရားလို၏ကုန်ထုတ်လုပ်မှု လုပ်ငန်းတွင်နေ့စဉ်နှင့်အမျှငွေကြေးဖြင့်ကုစား၍ မရသည့် နစ်နာဆုံးရှုံးမှု ပေါ်ပေါက်စေသဖြင့် ထိုသို့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုမပြုရန် ထာဝစဉ်တားဝရမ်းထုတ်ပေးစေလိုကြောင်း စသည်ဖြင့်တရားလိုက အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်သည် မိမိ၏GOLDEN DRAGON LIBOအအမည်ပါ ကုန်အမှတ်တံဆိပ်ကို မိမိစိတ်ကူးဖြင့်တီထွင်၍ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၂/၂၀၁၀ဖြင့် မှတ်ပုံတင်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ တရားပြိုင်ထုတ်လုပ်သည့် အချိုရည်ဗူးများသည် တရုတ်ပြည်လုပ်စက်ဖြင့် သတ်မှတ်ထားသောပလပ်စတစ်အပျော့ပုံစံအတိုင်းထုတ်လုပ်ခြင်းဖြစ်သဖြင့် အခြားကုန်အမှတ်တံဆိပ်ကိုအသုံးပြုထုတ်လုပ်ဖြန့်ဖြူးရောင်းချသော အချိုရည်ဗူးပုံစံများနှင့်တူညီခြင်းဖြစ်ကြောင်း၊ တရားလို၏အချိုရည်ဗူးများမှာ လားရှိုးမြို့တွင် မှတ်ပုံတင်ထားသည့် TWO DRAGON LEBO အမှတ်တံဆိပ်ဖြစ်ပြီး တရားပြိုင်ထုတ်လုပ်သည့် ကုန်အမှတ်တံဆိပ်မှာ GOLDEN DRAGON LIBO ဖြစ်ကြောင်း၊ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်ထားပြီး သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ကုန်ပစ္စည်းဖြစ်သဖြင့် တရားလိုတွင်နစ်နာစဉ်နှင့်အမျှ ငွေကြေးဖြင့်ကုစား၍မရသော နစ်နာဆုံးရှုံး မှုဖြစ်ပေါ်သည်ဆိုခြင်းမှာမမှန်ကြောင်း၊ တရားပြိုင်ထုတ်လုပ်သော အချိုရည်ဗူးများကို တစ်နေရာမှတစ်နေရာသို့ပို့ဆောင်ရာတွင် အသုံးပြုသောဂျပ်ဖာပုံးတို့တွင် ကပ်ထားသောကုန်အမှတ်တံဆိပ်တို့သည် တရားလိုထုတ်လုပ်သော ကုန်အမှတ် တံဆိပ်တို့နှင့် ဆင်တူနေသည်ကို တရားပြိုင်အနေဖြင့် မသိရှိကြောင်း၊ ထို့ပြင်တရားပြိုင်ထံသို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ဖွင့်လှစ် ထားသော T.c Pharmaceutical Industries- Co Ltd ၏ရှေ့နေက ၄င်းကုမ္ပဏီမှထုတ်လုပ်သော REDBULL နှင့်DOUBLE BULL DEVICEကုန် အမှတ်တံဆိပ် စွမ်းအားဖြည့်အချိုရည်များကို တုပသုံးစွဲသဖြင့် တုပသုံးစွဲထုတ်လုပ်ခြင်းဖြန့်ဖြူးရောင်းချခြင်းအား တားမြစ်ကြောင်း၊ ဈေးကွက်တွင် ဖြန့်ဖြူးပြီးသားပစ္စည်းများအား ဖျက်ဆီးပေးရန် ဝန်ခံကတိပြုလုပ်ပေးရန်သက်ဆိုင်ရာကုမ္ပဏီကအကြောင်းကြားခဲ့ကြောင်း၊ တစ်ဘက်နိုင်ငံကုမ္ပဏီ ကုန်တံဆိပ်အမှတ်အသားဖြစ်သော REDBULL DOUBLE BULL DEVICE တို့ကို တရားလိုကသာလျှင် တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်သဖြင့် တရားလိုတောင်းဆိုသော ထာဝစဉ်တားဝရမ်းကိုမရထိုက်ကြောင်း တရားပြိုင်ကချေပသည်။

အဆိုအချေအရ အောက်ပါအတိုင်း ရုံးငြင်းချက်များထုတ်နှုတ်ခဲ့သည်။

၁။ တရားပြိုင်သည် မိမိ၏GOLDEN DRAGON LIBOအချိုရည်ကုန်အမှတ်တံဆိပ်ကို တရားလို၏TWO DRAGON LEBO အချိုရည်ကုန်အမှတ်တံဆိပ်နှင့်ဆင်တူ ယိုးမှားဖြစ်အောင် ပြုလုပ်ထားသည်မှာမှန်သလား။

၂။ တရားပြိုင်သည် တရားလိုပိုင်ကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားဖြစ်အောင်ဖော်ပြ ပြုလုပ်ပြီး အချိုရည်ဗူးများလက်လီလက်ကားထုတ်လုပ်ရောင်းချသဖြင့် တရားလိုတွင် ကုစားမရသောနစ်နာဆုံးရှုံးမှုဖြစ်ရသည်ဆိုသည်မှာ မှန်သလား။

၃။ တရားလိုသည် မည်သည့်သက်သာ ခွင့်ရထိုက်သနည်း။

<u>ငြင်းချက်အမှတ်(၁)</u>

တရားလိုက ၄င်း၏ နဂါးနှစ်ကောင်အချိုရည်စက်ရုံမှထုတ်လုပ်သော ကုန်အမှတ်တံဆိပ်များကို လားရှိုးမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၁၉/၂၀၀၉ဖြင့် မှတ်ပုံတင်ခဲ့ကြောင်း၊ တရားပြိုင်သည် GOLDEN DRAGON LIBO အမည်ဖြင့် မန္တလေးမြို့၊

စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၁၂/၂၀၁၀ဖြင့် မှတ်ပုံတင်ပြီး အလားတူအချိုရည်များထုတ်လုပ်ဖြန့်ဖြူးကြောင်း အဆိုလွှာတွင်ဖော်ပြထားသည်။

တရားလို၏ထွက်ဆိုချက်တွင်တရားပြိုင်သည် တရားလို၏ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်ရာ၌ အင်္ဂလိပ်စာတမ်း၊ တရုတ် စာလုံး၊ နဂါးအရုပ်၊ အရွယ်အစား၊ အရောင်အသွေးတူညီခြင်း၊ နွား(၂)ကောင်နှင့် ကျွဲ(၂)ကောင် အရွယ်တူ၊ ပုံစံတူ၊ အရောင်တူပြုလုပ်ထားခြင်း၊ တရားလို၏တံဆိပ်အောက်ခြေရင်း၌ အင်္ဂလိပ်စာလုံး **200ml SUPER VITAMIN DRINK** ဟူသော အင်္ဂလိပ်စာတမ်းများအရွယ်တူအရောင်တူ အရွယ်အစားတူပြုလုပ်ထားကြောင်း၊ ထို့အတူ တံဆိပ်ပေါ်ရှိ တရုတ်စာ၊ အင်္ဂလိပ်စာ၊ တံဆိပ် အောက်ခြေပိုင်းရှိ အရုပ်အမှတ်အသား များတူညီကြောင်း ဖော်ပြထားကြောင်းထွက်ဆို၍ သက်ဆိုင်ရာဌာနများ၏အထောက်အထား စာမှတ်စာတမ်းများကို သက်သေခံအဖြစ်တင်ပြသည်။ ထို့ပြင် တရားလိုထုတ်လုပ်သည့်အချိုရည်ဗူးနှင့် တရားပြိုင်ထုတ်လုပ်သည့်အချိုရည်ဗူးများ၏ အနေအထားယှဉ်တွဲ၍ ပြသသည့်ဓါတ်ပုံမှတ်တမ်း(၄)ပုံကို သက်သေခံ(ဂ)မှ (ဂ-၃)အထိလည်းကောင်း၊ တရားပြိုင်၏အချိုရည် ဗူးများထည့်သည့်ဂျပ်ဖာသည် အလုံး(၇၀)ဆန့်ပြီး တရားလို၏ဂျပ်ဖာပုံးနှင့် ဆင်တူယိုးမှား ပြုလုပ် ထားကြောင်းသိသာစေရန် ဂျပ်ဖာများအား ယှဉ်တွဲ ရိုက်ပြထားသည့်ဓါတ်ပုံ(၄)ပုံကို သက်သေခံ(စ)မှ(စ-၃)အထိလည်းကောင်းတင်ပြသည်။

ကိုထွန်းမင်းလတ်(လိုပြ-၁)နှင့် ဒေါ်မိုးမိုးခိုင်(လိုပြ-၂)တို့သည် တရားလို၏ **TWO DRAGON** အချိုရည် ဗူးများကို (၂၀၀၉)ခုနှစ်မှစ၍ မန္တလေးမြို့နှင့် မိုင်(၅၀)ပတ်လည်တွင် ကိုယ်စားလှယ်အဖြစ်ဖြန့်ဖြူး သူဖြစ်သည်။ ၄င်း၏ထွက်ဆိုချက်တွင်တရားပြိုင်၏ **GOLDEN DRAGON** ရွှေနဂါး အချိုရည်ဗူးများသည် ကိုယ်စားလှယ်ရောင်းချသူများပင်တရားလို၏ အချိုရည်ဗူးများနှင့်ခွဲခြားရန်ခက်ခဲကြောင်းတင်ပြ၍ တရားလို၏ထွက်ဆိုချက်ကိုထောက်ခံထွက်ဆိုသည်။

ထို့ပြင် ဒေါ်မိုးမိုးခိုင်(လိုပြ-၂)က တရားပြိုင်သည်ကျွဲကြီးဟုခေါ်သော ငွေကျပ်(၁၀၀)ဖြင့်ပြန်ရောင်းနိုင်သည့် အချိုရည်ဗူးများကို(၃၅)လုံးနှစ်လွှာ ဗူး(၇၀)ပါဂျပ်ဖာများဖြင့် ဖြန့်ဖြူးကြောင်း၊ ကျွဲသေး(ခ)(၅၀)ကျပ်တန် ဗူးငယ်များကို တစ်ဖာလျှင် (၃၅)လုံးထည့်၍ထုတ်ပိုးပြီး ဖြန့်ဖြူးရောင်းချကြောင်း၊ တရားပြိုင်ကလည်း ယင်းကဲ့သို့ပင် အလားတူအရေအတွက်ပါ အရွယ်တူ ဂျပ်ဖာများဖြင့်ဆင်တူယိုးမှားတုပထုတ် လုပ်ဖြန့်ချီခဲ့ကြောင်း၊ ယင်းသို့ထုတ်လုပ်ဖြန့်ချီသည့် (၅၀)ကျပ်တန်အချိုရည်ဗူးများနှင့် တရားလိုထုတ်လုပ်သော အချိုရည်ဗူးများယှဉ်တွဲ၍ ရိုက်ကူးထားသည့် ဓါတ်ပုံ(၂)ပုံနှင့်ယင်းအချိုရည်ဗူးများထည့်သည့် ဂျပ်ဖာပုံးပုံများကို သက်သေခံ(ည)(ည-၃)(ည-၄)အထိတင်ပြသည်။

တရားပြိုင်၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းထွန်းမြင့်က တရားပြိုင်ထုတ်လုပ်သည့် ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၇. ၁. ၂၀၁၀)ရက်စွဲဖြင့် သက်သေခံ(၂)မှတ်ပုံတင်စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်၏ကုန်အမှတ်တံဆိပ်အမည်မှာ ရွှေနဂါးအချိုရည်ဖြစ်ကြောင်း၊ တရားပြိုင်ဘက်အသုံး ပြုသည့်ကုန်အမှတ်တံဆိပ်မှာ နဂါးတစ်ကောင်တည်းဝေဟင်တွင်ပျံသန်းနေသည့်ပုံဖြစ်ကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်တွင် နဂါးနှစ်ကောင်မျက်နှာချင်းဆိုင်အနေအထားဖြစ်ကြောင်း၊ တရားပြိုင်၏ ကုန်အမှတ်တံဆိပ်တွင်

စက်ဝိုင်းပုံတစ်ခုပါရှိပြီး တရားလို၏ကုန်အမှတ်တံဆိပ်တွင် စက်ဝိုင်းမပါရှိကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်တွင် အင်္ဂလိပ်ဘာသာဖြင့် နဂါးနှစ်ကောင်အချိုရည်ဟု အဓိပ္ပာယ်ရစာတမ်းနှင့် ၄င်းစာတမ်းအောက်တွင် တရုတ်ဘာသာစာတမ်းဖြင့်ရေးသားထားကြောင်း၊ တရားပြိုင်၏ကုန်အမှတ်တံဆိပ်တွင် တရုတ်စာစာတမ်းအောက်၌ ရွှေနဂါးအချိုရည်ဟုအဓိပ္ပာယ်ရအင်္ဂလိပ်စာလုံးရေးသားထားကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်တွင် တရုတ်စာသား(၅)လုံးပါရှိပြီး တရားပြိုင်၏ကုန်အမှတ်တံဆိပ်တွင် တရုတ်စာသား(၅)လုံးတွင်(၂) လုံးမှာအကြီးဖြစ်ပြီး (၃)လုံးမှာစာလုံးအသေးဖြစ်ကြောင်း၊ တရားလို၏ကုန်အမှတ်တံဆိပ်တွင် မြန်မာစာဖြင့် နဂါးနှစ်ကောင်အချိုရည်ဟု ရှင်းလင်းစွာဖော်ပြထားပြီး တရားပြိုင်၏ကုန်အမှတ်တံဆိပ်တွင် မြန်မာစာသားဖြင့်ရေးသားဖော်ပြမှုမရှိကြောင်း၊ ကုန်အမှတ်တံဆိပ်ပါကွဲပုံသဏ္ဍာန်အရွယ်အစားတို့လည်း တူညီမှုမရှိကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

ကိုဝေလင်းစိုး(ပြိုင်ပြ-၁)မှာ မူလကနဂါးနှစ်ကောင်အချိုရည်တို့နှင့် ရွှေနဂါးအချိုရည်တို့ကိုဖြန့်ချိဖူးသူဖြစ်ပြီး ယခုအခါ ရွှေနဂါးအချိုရည်ကိုသာဖြန့်ချိနေသည့် ကိုယ်စားလှယ်ဖြစ်သည်။ ၄င်းက နဂါးနှစ်ကောင်အချိုရည်ကုန်အမှတ်တံဆိပ်တွင်ပါဝင်သော နဂါးနှစ်ကောင်ပုံသဏ္ဍာန်နှင့် ရွှေနဂါးအချိုရည်ကုန်အမှတ်တံဆိပ်တွင်ပါဝင်သော နဂါးပုံသဏ္ဍာန်တို့တူညီမှုမရှိကြောင်း ထွက်ဆိုတင်ပြသည်။

တရားလိုသည် နဂါးနှစ်ကောင်အချိုရည်ကုန်အမှတ်တံဆိပ်ကို လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်- ၉/၂၀၀၉ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၇. ၁၀. ၂၀၁၀)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်- ၄/၉၆၁၅ဖြင့်လည်းကောင်း မှတ်ပုံတင်ခဲ့ပြီး တရားပြိုင်သည် ၄င်း၏ **GOLDEN DRAGON LIBo** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၇. ၁. ၂၀၁၀)ရက်စွဲပါစာချုပ်အမှတ်- ၁၂/၂၀၁၀ဖြင့် မှတ်ပုံတင်သွင်းထားကြောင်းအငြင်းမပွားပေ။

တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်သောကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်း၊ အရောင်းအဝယ်ကုန်စည်ဖြစ်ကြောင်းကိုသော်လည်းကောင်းဖော်ပြရန် အသုံးပြုသောအမှတ်အသားသည် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၇၈အရ ကုန်စည်အမှတ်တံဆိပ်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်ဟူသည် ဈေးကွက်တွင်ရောင်းချသောကုန်စည်များကို အခြားအလားတူကုန်စည်များနှင့်ခွဲခြားနိုင်ရန်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောပိုင်ရှင်နှင့် ဆက်စပ်မိစေရန်လည်းကောင်း၊ ထိုရောင်းသောကုန်စသည်များအတွက် အသုံးပြုသည့် (သို့မဟုတ်) ကုန်စည်များ အပေါ်တွင် ကပ်ထားသောသင်္ကေတအထိမ်းအမှတ်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်ပုံအမှတ် **(device)** အမှတ်တံဆိပ် **(Brand)**၊ ခေါင်းစည်း**(hading)** အစရှိသည်များ ၄င်းတို့စုပေါင်းထားချက်များပါဝင်သည်။

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်မရှိပေ၊ သို့ရာတွင် အသုံးပြုခြင်းဖြင့် တံဆိပ်နှင့်စပ်လျဉ်း၍ပိုင်ဆိုင်ခွင့်(သို့မဟုတ်)အခွင့်အရေးရရှိနိုင်သည်ဟု ဦးကျော်နှင့် ဦးဘအေး အမှု (၁)တွင် ပြဆိုသည်။

---

(၁) ၁၉၆၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၈၇(တရားရုံးချုပ်)

တရားလိုသည် နဂါးနှစ်ကောင်အချိုရည်ကုန်အမှတ်တံဆိပ်ကို ၂၀၀၉ခုနှစ်တွင် စတင်အသုံးပြုခဲ့သဖြင့် ထိုကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်ကို ၂၀၀၉ခုနှစ်မှာပင်ရရှိသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် တရားပြိုင်သည် တရားလို၏နဂါးနှစ်ကောင်ကုန်အမှတ်တံဆိပ် တုပရောင်းချခွင့်ရှိမည်မဟုတ်ပေ။

အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ပုံသဏ္ဍာန် ထပ်တူညီမျှတူရန်မလို၊ မှားလောက်အောင်ဆင်တူယိုးမှားဖြစ်လျှင် လုံလောက်အကျုံးဝင်သည်ဟု ရာဇသတ်ကြီးဥပဒေပုဒ်မ- ၂၈ တွင် ပြဋ္ဌာန်းထားသည်။

တရားလိုကတရားပြိုင်သည် တရားလိုအသုံးပြုသည့်ဂျပ်ဖာဗူးတွင်ပါဝင်သည့် ကုန်အမှတ်တံဆိပ်၏ စာတမ်း၊နဂါးအရုပ်အဓိပ္ပာယ်စာတမ်း၊ အချိုရည်ဗူးအရွယ်အစားအရောင်အသွေး တို့ကို ဂျပ် ဖာဗူးအရွယ်အစားစသည်တို့ကို တုပ၍ဆင်တူယိုးမှားထုတ်လုပ်ဖြန့်ချိကြောင်းကို သက်သေခံ (င)မှ(င -၃)၊ သက်သေခံ(စ)မှ(စ-၃)၊ သက်သေခံ-ည၊မှ (ည-၄) တို့ကို မှတ်တမ်းဓါတ်ပုံများဖြင့်တင်ပြရာ တရားပြိုင်မှယင်းဓါတ်ပုံမှတ်တမ်းများကို ငြင်းဆိုခြင်းမပြုနိုင်ကြောင်း တွေ့ရသည်။

တရားလိုအသုံးပြုသည့် ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်တို့အသုံးပြုသည့် ကုန်အမှတ်တံဆိပ်တို့သည် အမြင်အားဖြင့် ဆင်တူယိုးမှားဖြစ်ကြောင်း သက်သေခံပစ္စည်းများကိုလည်း တင်ပြထားသည်။

မိမိရှေ့မှောက်ရှိ သက်သေခံတံဆိပ်များကို ကြည့်ရှုသော၊ ထိုပြင်တင်ပြသော အထောက်အထားများကို ထိုက်သင့်သည့်အာရုံပြုသောတရားသူကြီးသည် မိမိကိုယ်တိုင်လွတ်လွတ်လပ်လပ်ဆုံးဖြတ်ခွင့်ကို သက်သေတစ်ဦးဦးထံ ဝကွက်အပ်နှံရန်မဟုတ်ကြောင်း **ဂေါ်ရွှမ်းဆွက်နှင့်အီးစီမဒါးဘရားသား(စ်)အမှု**[၂]တွင် ပြဆိုသကဲ့သို့ကုန်အမှတ်တံဆိပ်များ တူ၊မတူဆုံးဖြတ်ရာမှာ တရားသူကြီး၏အလုပ်ဖြစ်ပြီး၊ ထိုအချက်နှင့်စပ်လျဉ်း၍ သက်သေများကထင်မြင်ချက်ပေးရန်မဟုတ်ကြောင်း၊**C. M Brothers Vs A. Kunjalan အမှု**[၃]တွင် အငြင်းပွားသည့်ကုန်အမှတ်တံဆိပ်များကိုနှိုင်းယှဉ်ဆုံးဖြတ်ရန်မှာ တရားသူကြီး၏တာဝန်ဖြစ်ကြောင်း ညွှန်ပြထုံးဖွဲ့ထားသည်ကိုတွေ့နိုင်သည်။

ရုံးရှေ့တင်ပြသည့် သက်သေခံပစ္စည်းများနှင့်အမှုတွဲပါမှတ်တမ်းဓာတ်ပုံများ အားနှိုင်းယှဉ်စိစစ်ရာ တရားလိုထုတ်လုပ်သော **TWO DRAGON LEBO** ကုန်အမှတ်တံဆိပ်ပါ အချိုရည်ဗူးများ၊ဂျပ်ဖာပုံးများသည်တရားပြိုင်ထုတ်လုပ်သော**GOLDEN DRAGON**တံဆိပ်ပါအချိုရည်ဗူး၊ ဂျပ်ဖာပုံးများနှင့် **TWO၊ GOLDEN** နဂါးရုပ်အရေအတွက် ၊အရုပ်အရွယ် အစားစသည်တို့တွင် အနည်းငယ်ကွဲပြားသည်မှအပ တရုပ်၊ မြန်မာ၊ အင်္ဂလိပ်စာတမ်း အရွယ်အစား၊ အရောင်အသွေး၊ စာတမ်းအမှတ်အသား၊ စာလုံးအရေအတွက်မှစ၍ များစွာတူညီနေသဖြင့် သာမန်အားဖြင့်ခွဲခြားရန် ခက်ခဲကြောင်းပေါ်လွင်သည်။

---

(၂) ၁၉၅၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ (တရားလွှတ်တော်)၊ စာမျက်နှာ- ၁၃၆

(၃) ၁၉၅၀ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၂၆၂(လွှတ်တော်)

မိတ္တူ နှင့် တိုက်ဆိုင် ရေးကူးပါသည်။

တုပမှုမြောက်ရန် အခင်းဖြစ်တံဆိပ်(အမှတ်အသား)နှစ်ခုသည် အချက်အလက်တိုင်းတွင်တူဖို့မလို၊ အဆိုပါတံဆိပ်၂ခုတူနေခြင်းသည် ဆိုင်ရာအမှု၏အကြောင်းခြင်းရာများအရ ကုန်စည်များကို သာမန်အားဖြင့် (သို့မဟုတ်)ပဓါနအားဖြင့် ရောင်းရန်ရည်စူးသော လူတန်းစားအား လှည့်ဖျားရန် စီမံပြုလုပ်ထားသည်ဟုသဘောရရှိလျှင် တုပမှုဖြစ်ရန်ဥပဒေအရ လုံလောက်သည်××××

××××တုပရာရောက်မရောက် ဆန်းစစ်ရာ၌ ပြဿနာမှာ ဘေးချင်းယှဉ်ထားသော အခင်း ဖြစ်ကုန်တံဆိပ်နှစ်ခုကို ကြည့်သောသူတစ်ဦးဝေခွဲရမရဖြစ်မဖြစ် တုပခြင်းခံရသည်ဆိုသော ကုန်တံ ဆိပ်၏မျက်ကွယ်တွင် အခြားတံဆိပ် (တုပသည်ဆိုသောတံဆိပ်)ကို မြင်သောသူသည် ပထမကုန် တံဆိပ်၏သဘောကို ယေဘုယျအားဖြင့် မှတ်မိသမျှမိမိရှေ့မှောက်ရှိအမှတ်တံဆိပ်သည် ယေဘုယျအားဖြင့်မှတ်မိသောအခြားတံဆိပ်နှင့်အတူတူဖြစ်သည်ဟုလှည့် ဖျားခံရဘွယ်ရာ တွေးထင်ဖွယ်ရာရှိမရှိဖြစ်သည်ဟု ဂေါ်ရှမ်းဆွတ်နှင့် အီးစီ မဒါးဘရားသား(စ်)အမှုတွင် ထုံးဖွဲ့ပြဆိုသည်။

တရားလိုပြသက်သေ အရောင်းကိုယ်စားလှယ်ဒေါ်မိုးမိုးခိုင်၏ထွက်ဆိုချက်အရ ကျမတို့စတင်ဖြန့်ချီသည့်အချိန်က ဈေးကွက်အတွင်း၌ ကျွဲပျော့နဂါးအချိုရည်တစ်ခုတည်းသာ နာမည်ရပြီး ရောင်းအားကောင်းခဲ့ပါသည်× × × × ဈေးကွက်အတွင်းတွင် ဆင်တူယိုမှား ထုတ်လုပ်သည့် ပစ္စည်းကို ကျမတို့ဖြန့်ချီမည့်ပစ္စည်းနှင့်အတူတူဟုထင်မှတ်၍ ဝယ်ယူကြသော နယ်ကုန်သည်များအပါအဝင် ဈေးချိုကုန်သည်အချို့က ကျမတို့ဖြန့်ချီသည့်လားရှိုးကျွဲအစစ်ကိုသာ ရလိုကြောင်းပြောဆိုလာပါသည်× × × ×ဟု ထွက်ဆိုထားသည်။

တရားလိုအသုံးပြုသည့် ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်တို့အသုံးပြုသည့် ကုန်အမှတ်တို့သည် အမြင်အားဖြင့်ဆင်တူယိုမှားဖြစ်ကြောင်းထင်ရှားစေရန်၊ တရားလိုက သက်သေခံ အချိုရည်ဗူးများ၊ ဂျပ်ဖာများကိုလည်း ရုံးသို့တင်ပြခဲ့သည်။

အမှုတွင် တရားလိုဘက်တင်ပြသည့်နှုတ်သက်သေခံချက်၊ ဓါတ်ပုံသက်သေခံချက်များ၊ ပစ္စည်းသက်သေခံချက်များနှင့်စီရင်ထုံးမူသဘောများအရတရားပြိုင်သည် တရားလို၏ကုန်အမှတ်တံဆိပ်ကိုတုပ၍ ဆင်တူယိုမှားပြုပြီးကုန်ပစ္စည်းများဖြန့်ချီကြောင်းထင်ရှားသည်။

ထို့ကြောင့် တရားပြိုင်သည် မိမိ၏GOLDEN DRAGON LIBOအချိုရည်ကုန်အမှတ်တံဆိပ်ကို တရားလို၏TWO DRAGON LEBO အချိုရည်ကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားဖြစ်အောင် ပြုလုပ်ထားသည်မှာမှန်ကြောင်းဖြေကြားလိုက်သည်။

<u>ငြင်းချက်အမှတ်(၂)</u>

တရားပြိုင်၏ကုန်အမှတ်တံဆိပ်သည် တရားလိုရောင်းချရသော ကုန်အမှတ်တံဆိပ် နှင့် ဝယ်ယူသုံးစွဲနေသူများအား ပစ္စည်းများရောင်းချနိုင်ရန်အတွက် စီမံပြီး တရားပြိုင်မှထုတ်လုပ်ရောင်းချနေသဖြင့် တရားလိုတွင်ငွေကြေးဖြင့်ကုစား၍မရနိုင်သည့် နစ်နာဆုံးရှုံးမှုများကို နေ့စဉ်နှင့်အမျှကြုံတွေ့နေရကြောင်း အဆိုလွှာတွင် အဆိုပြုထားသည်။

၆

တရားလို၏ထွက်ဆိုချက်တွင် နဂါးနှစ်ကောင်အချိုးရည်ကို လွန်ခဲ့သောနှစ်ပေါင်(၂၀) ခန့်မှ သက်ဆိုင်ရာသို့ အခွန်အခများပေးဆောင်၍ လားရှိုးမြို့တွင်ထုတ်လုပ်ခဲ့ကြောင်း၊ တရားပြိုင်သည် တရားလိုနှင့် မျက်နှာချင်းဆိုင်အိမ်တွင်နေထိုင်သူဖြစ်ပြီး တရားလို၏အချိုးရည်များအား မန္တလေးမြို့တွင်ရောင်းချရန် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သူဖြစ်ကြောင်း၊ ရန်ကုန်၊ ဘားအံ၊ မော်လမြိုင်တို့အတွက် အရောင်းကိုယ်စားလှယ်မမိုးမိုးခိုင်မှလည်းကောင်း၊ မန္တလေးမြို့အတွက် ရှေးဦးစွာတရားပြိုင်မှကိုယ်စားလှယ် ယူရောင်းချသော်လည်း နောက်ပိုင်းတွင်ဇော်မင်းဦးနှင့် ထွန်းမင်းလတ်တို့မှာ ကိုယ်စားလှယ်ယူရောင်းချကြောင်း ထွက်ဆိုထားသည်။

မန္တလေးမြို့နှင့် မိုင်(၅၀)ပတ်လည်တွင် တရားလို၏နဂါး ၂ကောင်အချိုးရည်ကို ကိုယ်စားလှယ်ဖြန့်ချိသူဦးထွန်းမင်းလတ်(လိုပြ-၁)က-

××××ဆင်တူယိုးမှားဝင်ရောက်လာသည့် ရွှေနဂါးအချိုးရည်မှာ ဈေးနှုန်းကိုလျှော့ပေါ့ ရောင်းချရန်ဝင်ရောက်လာခြင်းကြောင့် ဆင်တူယိုးမှားလည်းဖြစ်၊ ဈေးနှုန်းလည်းသက်သာနေ၍ ကျနော်တို့ပစ္စည်းများမှာ ရောင်းအားများကျခဲ့ခြင်းဖြစ်ပါသည် ဟု ထွက်ဆိုထားပြီး ရန်ကုန်၊ ဘားအံ၊ မော်လမြိုင်ကိုယ်စားလှယ်ယူ၍ရောင်းသူမမိုးမိုးခိုင်(လိုပြ-၂)၏ထွက်ဆိုချက်တွင်လည်း-

××××ကျမတို့စတင်ဖြန့်ချိသည့်အချိန်က ဈေးကွက်အတွင်းတွင်-

××××ကျမတို့ကျွဲပျော့ နဂါးအချိုးရည်တစ်ခုတည်းသာနာမည်ရနေ၍ ရောင်းအားအလွန် ကောင်းခဲ့ပါသည် × × ×ဈေးကွက်အတွင်းတွင် ဆင်တူယိုးမှားထုတ်လုပ်သည့်ပစ္စည်းကို ကျမတို့ဖြန့်ချိသည့်ပစ္စည်းနှင့်အတူတူဟုထင် မှတ်၍ ဝယ်ယူကြသော နယ်ကုန်သည်များအပါအဝင် ဈေးချိုကုန်သည်အချို့က ကျမတို့ဖြန့်ချိသည့် လားရှိုး၊ ကျွဲအစစ်ကိုသာရလိုကြောင်း ပြောဆိုလာပါသည် × × × ဆင်တူယိုးမှားထုတ်လုပ်ထားသည့် မသန္တာဝင်းဖြန့်ချိသောအချိုးရည်အား ကျွဲအတုဟုဈေးကွက်အတွင်းခွဲခြားတတ်သူများမှ ပြောဆိုလာပါသည် × × × × ဟုထွက်ဆိုထားသည်။

အဆိုပါ ထွက်ဆိုချက်များနှင့်ပတ်သက် တရားပြိုင်မှပြန်လှန်မေးခွန်းဖြေကြားရာတွင်

ကျမစက္ကူလုပ်ငန်းလုပ်နေသည့်အချိန်က တရားလို၏အချိုးရည်များကို တစ်ကြိမ်သာ မန္တလေးမြို့တွင် ကူညီဖြန့်ဖြူးပေးခဲ့ဖူးပါသည်။ ထိုသို့ကူညီဖြန့်ဖြူးပေးသည့်အချိန်နောက်ပိုင်းတွင်မှ ကျမအချိုးရည်လုပ်ငန်းကို တည်ထောင်လုပ်ကိုင်ခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်။ ကျမအနေဖြင့် ယခုအမှုအားစွဲဆိုခဲ့ပြီးနောက် အခြားကုန်အမှတ်တံဆိပ်တစ်မျိုးဖြင့် ပုံသဏ္ဍာန်တူပြောင်းလဲထုတ်လုပ်ခဲ့သည်ဆိုလျှင် ယခုအမှုစွဲခြင်းနှင့်တော့မသက်ဆိုင်ပါ။ ကုန်အမှတ်တံဆိပ်ပြောင်းထုတ်တာတော့မှန်ပါသည် × × ×ဟု ထွက်ဆိုထားသည်။

တားဝရမ်းထုတ်ဆင့်ခြင်း၏ အခြေခံမူအရ တားဝရမ်းထုတ်ဆင့်ပြီး မပြုလျှင် လျှောက်ထားသူတွင် ပြုပြင်၍မရသော နစ်နာမှုဖြစ်စေမည့်ဖြစ်ကြောင်းလျှောက်ထားသူက ကျေနပ်အောင်ပြဆိုရန်လိုအပ်သည်။ ပြုပြင်၍မရသော နစ်နာမှုဆိုသည်မှာ လျော်ကြေးဖြင့်မည်သည့်အခါမှ လုံလောက်စွာမထေနိုင်သော အတော်အတန်ကြီးမားသည့် နစ်နာမှုမျိုးဖြစ်သည်ဟု **ဂျိုဂါလ်အဟီးနှင့် ဘာဘူဆမ်မာရတ်(သ်)ဆင် အမှု** [၄]တွင် ပြဆိုသကဲ့သို့ × × × ×

---

(၄) ၁၉၆၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၇၀(လွှတ်တော်)

ပြုပြင်၍မရသော နစ်နာမှုဆိုသောစကားရပ်က နစ်နာမှုကို လက်တွေ့အားဖြင့် ပြုပြင်၍ မရနိုင်သည်ဟုမဆိုလို ထိုစကားရပ်၏ဆိုလိုရင်းမှာ နစ်နာမှုသည် အရေးပါသောနစ်နာမှုဖြစ်ပြီး လျော်ကြေးပေးခြင်းဖြင့် လုံလောက်စွာကုစားမရနိုင်ဟုသာဆိုလိုခြင်းဖြစ်သည်။ လျော်ကြေးပမာဏကိုတိတိကျကျမစိစစ်နိုင်ခြင်းသည် ကုစားမရသောနစ်နာမှုဖြစ်နိုင်သည်ဟု ဒန်းလော့ကုမ္ပဏီနှင့် သည်ထရေးဒင်းကုမ္ပဏီအမှု [၅]တွင်လည်းရှင်းပြထားသည်။

တရားပြိုင်သည် တရားလိုထုတ်လုပ်ရောင်းချသည့် အချိုရည်နှင့် မျိုးတူအချိုရည်များကို တရားလိုထုတ်လုပ်သုံးစွဲသည့် ကုန်အမှတ်တံဆိပ်နှင့်ထပ်တူယိုးမှားဖြစ်သော ကုန်အမှတ်ဖြင့် ထုတ်လုပ်ရောင်းချကြောင်းပေါ်ပေါက်သဖြင့်တရားလိုမှာ နစ်နာဆုံးရှုံးမှုဖြစ်စေမည်မှာ ယုံမှားဖွယ်မရှိချေ။ ထိုသို့နစ်နာဆုံးရှုံးမှုမှာ ငွေကြေးဖြင့်ထေ၍ရနိုင်သည့် ကုစား၍ရနိုင်သောနစ်နာမှုမျိုးမဟုတ်သည်မှာ မြင်သာသောအချက်ဖြစ်သည်။

ထို့ကြောင့်တရားပြိုင်သည် တရားလိုပိုင်ကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားဖြစ်အောင်ဖော်ပြ ပြုလုပ်ပြီး အချိုရည်ဗူးများလက်လီလက်ကား ထုတ်လုပ်ရောင်းချ သဖြင့် တရားလိုတွင် ကုစားမရသောနစ်နာဆုံးရှုံးမှုဖြစ်ရသည်ဆိုသည်မှာ မှန်ကြောင်းဖြေကြားလိုက်သည်။

<u>ငြင်းချက်အမှတ်(၃)</u>

ဤအမှုတွင် တရားလိုက ၄င်းမှတ်ပုံတင်ထားသည့်ကုန်အမှတ်တံဆိပ်ကို တုပ၍ဆင်တူယိုးမှားပြုလုပ်ကာ အချိုရည်များဖြန့်ဖြူးရောင်းချကြောင်းဖြင့် ထာဝရတားဝရမ်းရလိုကြောင်း အမှုစွဲဆိုခြင်းဖြစ်သည်။

အထက်တွင်ဖြေဆိုခဲ့သည့် ငြင်းချက်အမှတ်-၁တွင် တရားပြိုင်သည် တရားလိုကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားပြုလုပ်ထားသည်မှာ မှန်ကြောင်းဖြေဆိုခဲ့ပြီး ငြင်းချက်အမှတ်(၂)နှင့်စပ်လျဉ်း၍ တရားပြိုင်သည် တရားလို၏ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်သည့် အချိုရည်များ ဖြန့်ဖြူးရောင်းချခြင်းဖြင့် တရားလိုတွင်ကုစား၍မရသည့် ဆုံးရှုံးနစ်နာမှုပေါ်ပေါက်ခဲ့ကြောင်းဖြေကြားခဲ့ပြီးဖြစ်သည်။

တားဝရမ်းထုတ်ဆင့်ပေးရန်မှာ အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းဆိုနိုင်သည့် သက်သာခွင့်မဟုတ်၊ တရားရုံးက မိမိသဘောအတိုင်းဆောင်ရွက်ရသောကိစ္စဖြစ်သည်။ **မောင်ကျော်စင်နှင့် Aminul Huq အမှု** [၆] တွင်ညွှန်ပြထားသည်။ တားဝရမ်းထုတ်ဆင့် ခြင်းသည် တရားဥပဒေနှင့်ညီညွတ်ရုံမျှဖြင့် ထုတ်ဆင့်ပေးရန်တာဝန်မရှိချေ၊ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၅၄ နှင့် ၅၅တို့တွင် တရားရုံးသည်မိမိသဘောအတိုင်းဟူသော စကားရပ်မပါရှိသည့်အတွက် ပုဒ်မ-၄၂ အရ မြွက်ဟ၍ကြေငြာချက်မျိုးကဲ့သို့ သဘောအတိုင်းခွင့်ပြုရသော သက်သာခွင့်မဟုတ်ဟုမဆိုနိုင်၊ ယာယီဖြစ်စေ၊ ထာဝရဖြစ်စေ တားဝရမ်းကိုတရားရုံးက မိမိသဘောအတိုင်းခွင့်ပြုရန်ဖြစ်ကြောင်း ပုဒ်မ-၅၂ကထင်ရှားစေသည်ဟုအိန္ဒိယစီရင်ထုံး [၇] အမှုတွင် ထုံးဖွဲ့ထားသည်။ သို့ဖြစ်၍ တရားရုံးက တရားလို၏တရားဝင်အခွင့်အရေးကိုထိပါးခြင်းရှိ၊ မရှိသာစဉ်းစားရန်မဟုတ်ဘဲ ထိုထိပါးခြင်းအတွက် သင့်မြတ်သောသက်သာခွင့်ဟုတ်၊ မဟုတ်ကို လည်း စိစစ်ရန်လိုပေမည်။

---

(၅) ဘီအယ်အာ၊ အတွဲ- ၅၊ စာ- ၉၇
(၆) အောက်မြန်မာနိုင်ငံအတွဲ-၁၀၊ စာ-၂၅၃(၂၅၆)
(၇) AIR ၁၉၅၅ ALL ၆၈

ယခုအမှုတွင် တရားပြိုင်သည် တရားလိုမှ ဥပဒေနှင့်အညီမှတ်ပုံတင်ထားသည့် နဂါးနှစ်ကောင်အချိုးရည်တံဆိပ်ကို ဆင်တူယိုးမှားတုပ၍ ထုတ်လုပ်ဖြန့်ချီသဖြင့် တရားဝင်အခွင့်အရေးကိုထိပါးကြောင်းပေါ်ပေါက်ထင်ရှားသည့်အခြေအနေတွင် ယင်းသို့ထိပါးခြင်းအတွက် တရားလိုတွင် ပေါ်ပေါက်သည့်ကုစား၍မရသည့်နစ်နာဆုံးရှုံးမှုအတွက် ထာဝရတားဝရမ်းထုတ်ဆင့်သင့်ကြောင်းတွေ့ရှိသည်။

ထို့ကြောင့် တရားပြိုင်သည် တရားလို၏ **TWO DRAGON LEBO** ကုန်အမှတ်တံဆိပ်ကို တုပဆင်တူယိုးမှားထုတ်လုပ်ဖြန့်ချီခြင်းမပြုရန် ထာဝရတားမြစ်သည့် ဝရမ်းထုတ်ဆင့်ကြောင်းစရိတ်နှင့်တကွဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် (၃၀၀၀)ကျပ်သတ်မှတ်သည်။

( ဖြိုး ဖြိုး )

တွဲဖက်ခရိုင်တရားသူကြီး

မှန်ကြောင်း မိတ္တူမှန်ပါသည်။